ပဌမ ဒွါရ သာသနာပိုင် ကျေးဇူးရှင်
အင်ပူဆရာတော်ဘုရားကြီး၏

အန္တေဝါသိက

သီလ-သမာ-ပညာဝေပုလ္လ ဗဟုဂန္ဓကာရက
ဖြစ်တော်မူသော

သာဃာဝတီခရိုင်-မိုးညိုမြို့အပိုင်
ထိမ်တော

သိဒ္ဓိကာရုံ ဘုန်းတော်ကြီး
ရေး သား ပြု ပြင် စီ ရင် အပ် သော

၁၅.၃.၇

# ရတက်ဋ္ဌ ဒီပက စာတမ်း။

၁၃၂၈-ခု၊ နတ္တော်လ၊ စာအုပ်ရေ(၁၀၀၀)

(စ မ ဒ ါ န)
အမ္ဗာဓအေး၊ ရန်ကုန်။

ပဌမ ဒွါရ သာသနာပိုင် ကျေးဇူးရှင်
အင်္ဂပူဆရာတော်ဘုရားကြီး၏

အန္တေဝါသိက

သီလ-သမာ-ပညာဝေပုလ္လ ဗဟုဂန္ထကာရက
ဖြစ်တော်မူသော

သာယာဝတီခရိုင်-မိုးညိုမြို့အပိုင်
ထိမ်တော

သိဒ္ဓိကာရုံ ဘုန်းတော်ကြီး
ရေး သား ပြု ပြင် စီ ရင် အပ် သော

# ရတက်ဍ္ဍ ဒီပက စာတမ်း။

၁၃၂၈-ခု၊ နတ္တော်လ၊ စာအုပ်ရေ(၁၀၀၀)

( ဓမ္မဒါန )

# အဘိယာစက လျှောက်လွှာ

ထိမ်တော မြို့နေ၊ တပည့် ဒကာ - ဒကာမ အပေါင်းတို့က
ရှိသေ လေးမြတ်စွာ လျှောက်ကြား ဝံ့ပါသည်-
သိဒ္ဓိကာရုံ- ဆရာတော်အရှင်သူမြတ်ဘုရား....
ခုတင်တဆဲ့သုံးပါး။ ပါဠိနှင့် အနက် အဓိပ္ပါယ်တို့ကို
မကျဉ်းမကျယ် အလယ်အလတ်ဖြင့် ရေးသား၍
ပေးသနားပါမည့်အကြောင်းကို
ရှိသေ လေးမြတ်စွာ လျှောက်ကြား ဝံ့ပါသည်-
သိဒ္ဓိကာရုံ-ဆရာတော်အရှင်သူမြတ်ဘုရား....။

ထိမ်တောမြို့နေ
တပည့် ဒကာ-ဒကာမ
ပေါင်းတစု။

# အဘိယာစက ဈေ့ာက်လွှာ

**နမောတေ ပုရိသာဇည၊ နမောတေ ပုရိသုတ္တမ၊**

**နမောတေ တိဏ္ဏသံသာရ၊ နမောတေ အမတံဒဒ။**

(ပထ၂၀တ္တဲဂါထာ)

ပုရိသာဇည၊ ယောကျ်ားအာဇာနည်စစ်၊ ဖြစ်ကြီးဖြစ်တော်မူ ပေသည့် မြတ်စွာဘုရား။ တေ၊ဘုန်းတော် ကျော်ကြား ရှင်တော် ဘုရားအား။မေ- မမ၊ခန္ဓာငါးတန်၊ ရုပ်နာမ်နှစ်ရပ်၊ ခြောက်ပါး ဓာတ်ကို သူဘဲ–ငါဘဲ-အထင်လွဲစရာ၊ ငါဘဲ-သူဘဲ-အမြင်လွဲစရာ၊ သူငါအတ္တ၊ ရှာမရသည့်၊ ဓာတ်ခဲဓာတ်ရုပ်၊ အကျွန်ုပ်၏။ နမော၊ ဖေါ့ဖယောင်းပမာ- လက်ဆယ်ဖြာကို၊ ဦးမှာထည့်မိုး၊ ရိုညွတ်ကြိုး၍၊ ရှိခိုးကန်တော့ခြင်းသည်။ ဘဝတုံ၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

ပုရိသုတ္တမ၊ မြင့်မြတ်လှစွာ ယောကျ်ားတကာတို့ထက် အထွဋ်ဆုံး၊ အမွန်ဆုံး၊ အချွန်ဆုံး၊ အမြတ်ဆုံး- ဖြစ်တော်မူပေသည့် မြတ်စွာဘုရား။ တေ၊အား။ မေ-မမ၊၏။ နမော၊သည်။ ဘဝတုံ၊တည်း။ တိဏ္ဏသံသာရ၊ သံသရာခရီး ကန္တာရကြီးကို- အပြီးတိုင်ကူးသွား မြတ်စွာဘုရား။ တေ၊ အား။မေ- မမ၊၏။နမော၊သည်။ ဘဝတုံ၊တည်း။

အမတံဒဒ၊ ဘယ်တော့အခါမှ မအို မသေ အမြဲနေသော ဒုံမြိုက်မေ့ကို သယ်ပို့ပေးတော်မူပေသည့်- သုံးလူထွဋ်ထား မြတ်စွာဘုရား။ တေ၊အား။မေ-မမ၊၏။ နမော၊သည်။ ဘဝတုံ၊တည်း။

ဤကား- အာသိသ ပဗ္ဗက ဂန္ထာရမ္ဘတည်း။

သခုအခါ၌ တပည့် ဒကာ-ဒကာမ တစုတို့၏ လျှောက်ထား တောင်းပန်ကြသည့်အတိုင်း ဖြေကြားပေတော့အံ့။

ဤကား ပဋိညဉ်တည်း။

## ဓုတင်ဆောက်တည်ရန်ပါဠိ

၁။ ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ ပံသုကူလိကင်္ဂံ
သမာဒိယာမိ၊ ပံသုကူဓုတင်။
၂။ စတုတ္ထကစီဝရံ ပဋိက္ခိပါမိ တေစီဝရိကင်္ဂံ
သမာဒိယာမိ၊ တိစီဝရိကဓုတင်။
၃။ အတိရေကလာဘံ ပဋိက္ခိပါမိ ပိဏ္ဍပါတိကင်္ဂံ
သမာဒိယာမိ၊ ပိဏ္ဍပတ်ဓုတင်။
၄။ လောလုပ္ပစာရံ ပဋိက္ခိပါမိ သာပဒါနစာရိကင်္ဂံ
သမာဒိယာမိ၊ သာပဒါနဓုတင်။
၅။ နာနာသနဘောဇနံ ပဋိက္ခိပါမိ ဧကာသနိကင်္ဂံ
သမာဒိယာမိ၊ ဧကာသနိဓုတင်။
၆။ ဒုတိယ ဘာဇနံ ပဋိက္ခိပါမိ ပတ္တပိဏ္ဍိကင်္ဂံ
သမာဒိယာမိ၊ ပတ္တပိဏ်ဓုတင်။
၇။ အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ ခလုပစ္ဆာဘတ္တိကင်္ဂံ
သမာဒိယာမိ၊ ခလုပစ္ဆာဓုတင်။
၈။ ဂါမန္တသေနာသနံ ပဋိက္ခိပါမိ အာရညိကင်္ဂံ
သမာဒိယာမိ၊ အာရညကင်ဓုတင်။

၉။ ဆန္ဒံပဋိက္ခိပါမိ ရုက္ခမူလိကင်္ဂံ သမာဒိယာမိ၊ ရုက္ခမူဓုတင်။

၁၀။ ဆန္ဒဥ္စ ရုက္ခမူလဥ္စ ပဋိက္ခိပါမိ အဗ္ဘောကာသိကင်္ဂံ သမာဒိယာမိ၊ အဗ္ဘောကာသိကဓုတင်။

၁၁။ နသုသာနံ ပဋိက္ခိပါမိ သောသာနိကင်္ဂံ သမာဒိယာမိ၊ သုသာနဓုတင်။

၁၂။ သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ ယထာသန္တတိကင်္ဂံ သမာဒိယာမိ၊ ယထာသန္တတိဓုတင်။

၁၃။ သေယျံ ပဋိက္ခိပါမိ နေသဇ္ဇိကင်္ဂံ သမာဒိယာမိ၊ နေသဇ္ဇိဓုတင်။

## ဓုတင်ဆောက်တည်ရန် ပါဠိ၏အနက်

၁။ ဂဟပတိဒါနစီဝရံ၊ လှူဒါယကာ လက်ရောက်လှူဒါန်း လာသောသင်္ကန်းကို။ ပဋိက္ခိပါမိ၊ အသုံးမခံ ပယ်လှန်ပါ၏။ ပံသုကူလိကင်္ဂံ၊ မြေပုံမှာသွား ပြှုံ့ပြား နှယ်၊ စက်ဆုတ်ဘွယ်ရှိသော၊ ဓုတင်အင်္ဂါ သမာဒါန စေတနာကို။ သမာဒိယာမိ၊ ကောင်းစွာယူပါ၏။ ဝါ၊ ဆောက်တည်ပါ၏။

၂။ စတုတ္ထကစီဝရံ၊ ဝတ် လောက် ရုံ လောက် လေး ထည်မြောက်ဖြစ်သော သင်္ကန်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ တေစီဝရိကင်္ဂံ။ သုံးထည်မြောက်ဖြစ်သော အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ကောင်းစွာယူပါ၏။ ဝါ၊ ဆောက်တည်ပါ၏။

၃။ အတိရေကလာဘာံ၊ ပိဏ္ဍိယလောပဘောဇနထက်ပိုလျှံကြွယ်ဝွေးတဆဲ့လေးရပ်သော ဘတ်ကို။ ပဋိက္ခိပါမိ၊ ပါယ်ပါ၏။ ပိဏ္ဍပါတိကင်္ဂံ၊ အပေါင်းပိဏ္ဍ-အာမိသ တို့၏ သပိတ်၌ကျခြင်းရှိသော အကြောင်းအင်္ဂါ သမာဒါန စေတနာကို။ ဝါ၊ပိဏ္ဍပါတ် မှုတင်ဖြင့် လှည့်လည်သွားလာခြင်း ရှိသော အကြောင်း အင်္ဂါ သမာဒါန စေတနာကို။ သမာဒိယာမိ၊ ကောင်းစွာယူပါ၏။ ဝါ၊ ဆောက်တည်ပါ၏။

၄။ လောလုပ္ပစာရံ၊ အိမ်စဉ်ကျော်၍ လျှပ်ပေါ်လော်လီ မတည်ကြည်သော ဆွမ်းခံခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ သာပဒါနစာရိကင်္ဂံ၊ အိမ်စဉ်မပြတ် လှည့်လည်သွားလာခြင်း ရှိသော ရဟန်း၏ အကြောင်း အင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ကောင်းစွာယူပါ၏။ ဝါ၊ ဆောက်တည်ပါ၏။

၅။ နာနာသနဘောဇနံ၊ ရပ်ကွက်မဟူ၊ အထူးထူး နေရာ၌ စားခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ဧကာသနိကင်္ဂံ၊ ရပ်ကွက်ပယ်ထားတနေရာတည်း၌ စားခြင်းဟု ဆိုအပ်သောအကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ကောင်းစွာယူပါ၏။ ဝါ၊ ဆောက်တည်ပါ၏။

၆။ ဒုတိယဘာဇနံ၊ နှစ်ခုမြောက်သော ခွက်ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ပတ္တပိဏ္ဍိကင်္ဂံ၊ တခွက်တည်း၌ ကျသော ဆွမ်းကိုသာ စားသော ရဟန်း၏ အကြောင်း အင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ကောင်းစွာယူပါ၏။ ဝါ၊ ဆောက်တည်ပါ၏။

၇။ အတိရိတ္တဘောဇနံ၊ အတိရိတ်ဝိနည်းကံ ပြုအပ်သော ဆွမ်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ခလုပစ္ဆာဘတ္တိကင်္ဂံ၊ ပဝါရိတ်သင့်ပြီးသည်မှ နောက်ကာလ၌ ရအပ်သော ဆွမ်းကို စားခြင်းအလေ့ရှိသော ရဟန်း၏အကြောင်း အင်္ဂါ သမာဒါန စေတနာကို။သမာဒိယာမိ၊ ကောင်းစွာယူပါ၏။ ဝါ၊ ဆောက်တည်ပါ၏။

၈။ ဂါမန္တသေနာသနံ၊ ရွာနီးဖြစ်သောကျောင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ အာရညိကင်္ဂံ၊ တော၌ နေသော အကြောင်းအင်္ဂါသမာဒါနစေတနာကို။ သမာဒိယာမိ၊ ကောင်းစွာယူပါ၏။ ဝါ၊ ဆောက်တည်ပါ၏။

၉။ ဆန္နံ၊အမိုးရှိသောကျောင်းကို။ ပဋိက္ခိပါမိ၊ပယ်ပါ၏။ ရုက္ခမူလိကင်္ဂံ၊ သစ်ပင်ရင်းတည်းဟူသော ကျောင်း၌ နေသော အကြောင်း အင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ကောင်းစွာယူပါ၏။ ဝါ၊ ဆောက်ဘည်ပါ၏။

၁၀။ ဆန္နဉ္စ၊ အမိုး ရှိသော ကျောင်းကိုလည်း၊ ရုက္ခမူလဉ္စ၊ သစ်ပင်ရင်းကိုလည်း။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ အဗ္ဘောကာသိကင်္ဂံ၊ လွင်တီးခေါင်၌ နေသော အကြောင်း အင်္ဂါ သမာဒါန စေတနာကို။သမာဒိယာမိ၊ ကောင်းစွာ ယူပါ၏။ ဝါ၊ ဆောက်တည်ပါ၏။

၁၁။ နသုသာနံ၊ သုသာန် မဟုတ်သော အရပ်ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ သောသာနိကင်္ဂံ၊ သုသာန်၌ နေသော အကြောင်း အင်္ဂါ သမာဒါန စေတနာကို။

သမာဒိယာမိ၊ ကောင်းစွာ ယူပါ၏။ ဝါ၊ ဆောက်တည်ပါ၏။

၁၂။ သေနာသနလောလုပ္ပံ၊ ကျောင်းစဉ် ကျော်၍၊ လျှပ်ပေါ် လော်လီ၊ မတည်ကြည်သော အိပ်ခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ယထာသန္တတိကင်္ဂံ၊ အကြင်သို့သောရောက်အပ်သော ကျောင်း၌ နေလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို။ သမာဒိယာမိ၊ ကောင်းစွာယူပါ၏။ ဝါ၊ဆောက်တည်ပါ၏။

၁၃။ သေယျံ၊ ကြောခင်း၍ အိပ်ခြင်းကို ပဋိက္ခိပါမိ၊ ပယ်ပါ၏။ နေသဇ္ဇိကင်္ဂံ၊ထိုင်၍အိပ်ခြင်းကို။သမာဒိယာမိ၊ ကောင်းစွာယူပါ၏။ ဝါ၊ ဆောက်တည်ပါ၏။

ဓုတင် တဆဲ့သုံးပါး အနက်ပြီး၏။

ပံသုကူဓုတင်၌ ဒါယကာလှူသော သင်္ကန်းကိုသာ ပယ်ရသည်။ ရဟန်းလှူသော သင်္ကန်းကိုတော့ ခံရမည်။ ပံသုကူသင်္ကန်းသုံးမျိုးတို့တွင် တခုခုကိုပင် ပံသုကူဆောင်နိုင်သည်။

ကေသနိက်ဓုတင်၌ စားနေစဉ်- ဆရာဥပဇ္ဈာယ်လာလျှင်၊ ထပြီး, ဝတ်ကြီး-ဝတ်ကြီးငယ်ပြုနိုင်သည်။ ပြုပြီးလျှင် ၎င်းဆွမ်းကို ပြန်စားနိုင်သည်ဟု အရှင်ဗုဒ္ဓဃောသဆရာ- မိန့်ဆိုတော်မူ၏။ တိပိဋကစူဠာဘယ မထေရ်သည် ဝတ်ကို ကန်တော့ပြု ပြီးလျှင် ထိုဆွမ်းကို မစားနှင့်တော့ဟုဆို၏။ ဝါဒကွဲသည်၊ နှစ်နည်းစလုံးကို အသင့်ချည်းဟုမှတ်လေ။

ပတ္တပိုဏ်ဓုတင်၌ ငါးအမဲနှင့် ဆွမ်းကို မရောဘဲလည်း၊ ၎င်း ငါးအမဲကို ရှေးဦးစွာ စားလိုကလည်း စားအပ်၏။ နောက်မှ ဆွမ်းကို၊ ယာဂုကို စားလို သောက်လိုကလည်း- စားအပ် သောက်အပ်၏။ ဟင်းရွက်အစိမ်းများကို လက်နှင့်ယူမည်- စား မည်ဆိုလျှင် စားနိုင်သည်၊ စားနိုင်သော်လည်း ၎င်းသပိတ်ထဲ၌ ထည့်ပြီးစားလျှင် အလွန်ကောင်းပေသည်ဟုမှတ်၊ နှစ်ခုမြောက် သောခွက်ကို ပယ်သဖြင့် တပါးသော သစ်ရွက် စသည် ကိုလည်း အခြားကယူ၍ မစာ-ရဘူးဟုမှတ်လေ။

ရုက္ခမူဓုတင်၌ နှစ်ပြည်ထောင်မင်းတို့၏ အကြား၌ တည်သော သစ်ပင်၊ လူတို့ပူဇော်ရာသစ်ပင်၊ အစေးရှိသော ပွေးညက်ပင်၊ အသီးရှိသော သစ်ပင်၊ လင်းနို့တို့သည် မှီ၍အပ်သော သစ်ပင်၊ အခေါင်းရှိသောသစ်ပင်၊ ကျောင်းအလယ်၌ တည်သော သစ်ပင် ၎င်းသစ်ပင်တို့ကိုကြဉ်၍ ကြွင်းသောသစ်ပင်တို့၌သာ ရုက္ခမူဓုတင် ကို သောက်တည်အပ်၏။

အရညကင်ဓုတင်ကို ဥက္ကဋ္ဌကျင့်လျှင် သုံးဥတုပတ်လုံး တောမှာနေ။ မဇ္ဈိုကျင့်လျှင် နွေလ ဆောင်းလပတ်လုံး၊ တောမှာ နေ၊ မိုးလ ရွာမှာနေ။ မုဒုကျင့်လျှင် ဆောင်းလ၊ မိုးလ ရွာမှာနေ၊ နွေလ- တောမှာနေ ဤသို့ခြားနား၍ သိရ၏။

တောကျောင်းအရာ၌ လူတို့၏အသံကို အကယ်၍ကြားနေရ သော်လည်း ဖြောင့်ဖြောင့်- ၎င်းလမ်းကို မသွားနိုင်၊ ချောင်း စသည်ဖြင့် ခြားနေလျှင် လူတို့ သွားနိုင်သည့် လမ်းအတိုင်း ကုလားလေးတာ ပြန့် ငါးရာတာလျှင် တောကျောင်းရ၏။

## ဓုတင်၌မှတ်ရန်

ဓုတင်၌ သမာဒါန စေတနာသည် လက္ခဏာ။ လျှပ်ပေါ် လော်လီ မတည်ကြည်သော လောလုပ္ပတဏှာကို ဖျက်ခြင်းသည် ရသဌာန်။လောလုပ္ပ တဏှာကို ဖျက်ဆီးခြင်း၊ ရှုသောသူ၏ ဉာဏ်အား၊ ရှေးရှုထင်ခြင်းသည် ပစ္စုပ္ပဋ္ဌာန်။ အလိုနည်းခြင်း အဖြစ် အစရှိသော အရိယဓမ္မလျှင် နီးစွာသော အကြောင်း ရင်းသည်-ပဒဋ္ဌာန်။ ဤသို့မှတ်သားလေ။

## ဓုတင်ရသောပုဂ္ဂိုလ်ကိုမှတ်ရန်

ရဟန်းယောကျ်ားတို့အား ဓုတင်တဆယ့်သုံးပါးစလုံးကိုရ၏။ ဘိက္ခုနီမတို့အား အရညကင်ဓုတင်- ခလုပစ္ဆာဓုတင်၊ အဗ္ဘောကာသိကဓုတင်၊ ရုက္ခမူဓုတင်၊ သောသာနိကဓုတင်၊ ၎င်ငါးပါးတို့ကို ကြဉ်၍ ကြွင်းသော ရှစ်ပါးတို့ကိုရ၏။ သာမဏေတို့အား တိစီဝရိတ်ဓုတင်ကို ကြဉ်၍၊ကြွင်းတဆယ့်နှစ်ပါးတို့ကိုရ၏။သိက္ခမာန် သာမဏေမတို့အား ဘိက္ခုနီမတို့ မရသော ဓုတင် ငါးပါး၊ တိစီဝရိတ်ဓုတင်တပါး၊ ပေါင်း ခြောက်ပါးတို့ကို ကြဉ်၍ ကြွင်း ခုနစ်ပါးတို့ကိုရ၏။ဥပသကာ- ဥပါသိကာမတို့အား ဧကာသနိက်နှင့် ပတ္တပိုဏ်ဓုတင်နှစ်ပါးတို့ကိုသာ ရသည်။ ၎င်းတို့ကို ပေါင်း လိုက်သော်- လေးဆယ့်နှစ်ပါးဖြစ်၏။ အကျယ်မှတ်။

## ဓုတင်ကိုစရိုက်ဖြင့်မှတ်ပုံ

ဓုတင်ဆောက်တည်ခြင်းသည် ရာဂစရိုက်၊ မောဟစရိုက် အား ကြီးသော ပုဂ္ဂိုလ်တို့အား အထူးလျှောက်ပတ်၏။ ရာဂဆိုတာ သည် ငြိမ်လေဆိုးလေဘဲဟုမှတ်ရန်။ ရာဂ,မောဟ,အားကြီးသော

ပုဂ္ဂိုလ်တို့အား ဓုတင်တဆဲ့သုံးပါးစလုံးလျှောက်ပဘ်၏။ ဒေါသ စရိုက် အားကြီးလျှင် အရညကင် ဓုတင်ဆောက်ဘည် ရမည်။ လျှောက်ပတ်၏။ ဤသို့မှတ်လေ။

ထူးရာထူးရာတို့ကိုသာ ဆုံးဖြတ်လိုက်ပေ၏။ အကျယ်အဆုံး အဖြတ်တို့ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ဓုတင် နိဒ္ဒေသကို ကြည့်ရှုကြလေကုန်။ ။အကြင်ရဟန်းသည် ဓုတင်တဆဲ့သုံးပါးစလုံးကို တပြိုင်နက် ဆောက်တည်နိုင်၏-ဟုမှတ်လေ။ ။

ဘုရားသာသနာကွယ်ကြောင်းအပြားကို မေးအပ်သောပုစ္ဆာ၌ အဖြေကား- အင်္ဂုတ္တိုရ်လာ၊ သာသနာ ကွယ်ကြောင်း တရားပေါင်းကား- ရဟန်းများတို့၊ တရားမနာ စာပေမသင်၊ နှုတ်တွင် မဆောင်၊ သိအောင်မပြု၊ ဓမ္မာနုဓမ္မတ်၊ ပဋိပတ်ကွာ၊ ဤငါးဖြာတည်း။ ထဝါထို့ပြင်၊ စာသင်ပေလျှော၊ ကျယ်မဟောကြ၊ ကျယ်မချနှင့်၊ ကျယ်စွမအံ၊ မကြံမစီ၊ ဤငါးလီတည်း။ ဝါ- တနည်းမှာ-အက္ခရာပုဒ်ပျက်၊ လေ့ကျက်သင်ကြ၊ ဒုဗ္ဗစမူ၊ စာချသူရှား၊ လာဘ်များအောင်ဖန်- ခိုက်ရန်ကွဲပြား၊ ပေါင်းဆဲ့ငါးသည် ဘုရားသာသနာ ကွယ်ကြောင်းတည်း။ ။

ဘုရားသာသနာကွယ်ကြောင်းတရားအပြား အကျယ် ဆဲ့ငါးပါးရှိ၏ဟုမှတ်လေ။ ။

ဝိနည်းလုလ္လ၊ သင်အံကြ၊ မည်မျှ အကျိုးပေး ရှိသနည်းဟု မေးအပ်သော ပုစ္ဆာ၌။ အဖြေကား-

ဝိနယပရိယတ္တိမူလကေ ပဉ္စာနိသံသေ "လ" ကောဒသာနိသံသေစ လဗ္ဘတိ၊ (ဝိနယသင်္ခေပအဋ္ဌကထာ)

ဝုတ္တံ ဟေတံ ပဉ္စိမေဘိက္ခဝေ အာနိသံသာ ဝိနယဓရေ ပုဂ္ဂလေ အတ္တနော သီလက္ခန္ဓော သုဂုတ္တော ဟောတိ သုရက္ခိ

တော ကုက္ကုစ္စပကတာနံ ပဋိသရဏံ ဟောတိ၊ ဝိသာရဒေါ သံဃမဇ္ဈေ ဝေါဟာယတိ၊ ပစ္စတ္ထိကေ သဟဓမ္မေန သုနိဂ္ဂဟိတံ နိဂ္ဂဏှာတိ သဒ္ဓမ္မဋ္ဌိတိယာ ပဋိပန္နော ဟောတီတိ။ ။

(ဋင်းအဋ္ဌကထာ)

ဝိနည်းဓိုရ်ပုဂ္ဂိုလ်၌ မိမိ၏ သီလက္ခန္ဓကို ကောင်းစွာ လုံခြုံစောင့်ရှောက်နိုင်ခြင်း၊ ဝိနယကုက္ကုစ္စရှိသော ပုဂ္ဂိုလ်တို့၏ မှီခိုကိုးကွယ်ရာဖြစ်ခြင်း၊ သံဃာအလယ်၌ ရဲဝန့်စွာ ပြောဆိုနိုင်ခြင်း၊ သာသနရန်သူဖြစ်ကုန်သော သူတို့ကို ကောင်းစွာ နှိမ်နင်းနိုင်ခြင်း၊ သူတော်ကောင်းတရား ကြာမြင့်စွာ တည်တန့်ခြင်းငှာ ကျင့်နိုင်ခြင်း၊ ပေါင်း ငါးပါးသော အကျိုးတို့ကို ဖြစ်ထွန်းစေနိုင်ခြင်း-အကျိုးရှိ၏ဟု မှတ်လေ။ ။

ဝိနည်းဓိုရ်နှင့်စပ်သော ဥပေါသထ အင်္ဂါတရပ်၊ ပဝါရဏာ အင်္ဂါတရပ်၊ သံဃကံ အင်္ဂါတရပ်၊ ဥပဇ္ဈာယ်ပြု၍ သာမဏေ ဖြစ်ခြင်း အင်္ဂါတရပ်၊ ပဉ္စင်းခံခြင်း အင်္ဂါတရပ်၊ နိဿယဒါန သာမဏေရ ဥပဋ္ဌာန၊ ၎င်းနှစ်ရပ်ကို ပေါင်းစပ်၍ အင်္ဂါတရပ်၊ မယုတ်မာ-ပေါ၊ မအောက်-ခြောက်၊ မပေါင်းတဆံ့တပါး ဖြစ်၏။

ညွှန်ပြအပ်ခဲ့ပြီးသော ဆံ့တပါးသော အကျိုးတို့ကို ခံစားရ၏ဟုမှတ်လေ။ ။

သိက္ခာပဒ၊ အာစာရ၊ ဖလဘာယ်တိုင်စွမ်းသနည်းဟု မေးအပ်သော ပုစ္ဆာ၌ အဖြေကား........

သိက္ခာပဒဿ သိက္ခနံ အဝိပ္ပဋိသာရတ္ထာယ ဟောတိ၊ အဝိပ္ပဋိသာရော ပါမုဇ္ဇတ္ထာယ ပီတိပဿဒ္ဓတ္ထာယ ပဿဒ္ဓိ၊ သုခတ္ထာယ သုခံသမာဓတ္ထာယ သမာဓိ၊ ယထာဘူတ ဉာဏဒဿနတ္ထာယ ယထာဘူတ ဉာဏဒဿနံ၊ နိဗ္ဗိန္ဒနတ္ထာယ နိဗ္ဗိန္ဒာဝိရာဂတ္ထာယ

ဝိရာဂေါ ဝိမုတ္တိတ္ထာယ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿနတ္ထာယ ဝိမုတ္တိဉာဏဒဿနံ၊ အနုပ္ပါဒါ ပရိနိဗ္ဗာနတ္ထာယ ဟောတီတိ။

(ပါတိမောက္ခအနုဝဏ္ဏနာ)

သိက္ခာပဒဿ၊ သိက္ခာပုဒ်ကို။ သိက္ခနံ၊ ကျင့်ခြင်းသည်။ အဝိပ္ပဋိသာရတ္ထာယ၊ နှစ်လုံးသာ ရှင်ခြင်း အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ အဝိပ္ပဋိသာရော၊ နှလုံးသာ ရှင်ခြင်းသည်။ ပါမုဇ္ဇတ္ထာယ၊ ဝမ်းမြောက်ခြင်းအကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ပါမုဇ္ဇံ၊ နုသော ပီတိသည်။ ပီတတ္ထာယ၊ အားကြီးသော ပီတိဖြစ်ခြင်း အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ပီတိ၊ အားကြီးသော ပီတိသည်၊ ပဿဒ္ဓတ္ထာယ၊ ကိုယ်စိတ်၏ငြိမ်းခြင်းအကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ပဿဒ္ဓိ၊ ကိုယ်စိတ်၏ငြိမ်းခြင်းသည်။ သုခတ္ထာယ၊ ကိုယ်စိတ်၏ ချမ်းသာခြင်း အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ သုခံ၊ ချမ်းသာခြင်းသည်။ သမာဓတ္ထာယ၊ စိတ်၏တည်ကြည်ခြင်း အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ သမာဓိ၊ စိတ်၏တည်ကြည်ခြင်းသည်။ ယထာဘူတ ဉာဏဒဿနတ္ထာယ၊ မဖောက်မပြန်ဖြစ်သော နုသော ဝိပဿနာ ဉာဏ်မြင်ခြင်း အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ယထာဘူတဉာဏဒဿနံ၊ ယထာဘူတ ဉာဏ်အမြင်သည်။ နိဗ္ဗိန္ဒနတ္ထာယ၊ ဝဋ်ဆင်းရဲ၌၊ ငြီးငွေ့ခြင်းအကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗိန္ဒာ၊ ငြီးငွေ့ခြင်းသည်။ ဝိရာဂတ္ထာယ၊ ရာဂကင်းခြင်း အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ဝိရာဂတ္ထာယ၊ ရာဂကင်းခြင်းသည်။ ဝိမုတ္တတ္ထာယ၊ အရဟတ္တဖိုလ် အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ဝိမုတ္တိ၊ အရဟတ္တဖိုလ်သည်။ ဝိမုတ္တိဉာဏဒဿနတ္ထာယ၊ ပစ္စဝေက္ခဏာ၊ ဉာဏ်အမြင် အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ဝိမုတ္တိ ဉာဏဒဿနံ၊ ပစ္စဝေက္ခဏာ၊ ဉာဏ် အမြင်သည်။ အနုပ္ပါဒါ ပရိနိဗ္ဗာနတ္ထာယ၊ ဝိပါက် ကမ္မဇရုပ်-

ဟုဆိုအပ်သော ခန္ဓာငါးပါး အကြွင်းမရှိသော ပရိနိဗ္ဗာန်ပြုခြင်း အကျိုးငှာ။ ဟောတိ၊ဖြစ်၏။ ပေါင်းတဆဲ့တပါးသော အကျိုးကို ဖြစ်စေ၏ဟုမှတ်ရန်။

သမဏသုခတရား- ဘယ်နှစ်ပါးရှိသနည်းဟု မေးအပ်သော ပုစ္ဆာ၌၊ အဖြေကား။ ဥစ္စာစပါး သိမ်းဆည်းခြင်း မရှိသည်၏ အဖြစ်၊ အပြစ်မရှိသောဆွမ်းကို ရှာမှီးသည်၏အဖြစ်၊ ငြိမ်းပြီးသော ဆွမ်းကို စားသည်၏အဖြစ်၊ တိုင်းနိုင်ငံကို နှိပ်စက်၍ ဥစ္စာစပါး စုဆောင်းပြီး တိုင်းသူပြည်သားကို နှိပ်စက်ခြင်း၊ ငြိစ်နွမ်းစေခြင်း မရှိသည်၏အဖြစ်၊ ကျောင်းကန်စသည်တို့၌ ဆန္ဒရာဂ မရှိသည်၏အဖြစ်၊ ခိုးသူလုယက်ခြင်းဖြင့် ဘေးရန်မရှိသည်၏အဖြစ်၊ မင်း-မင်း၏ အမတ်တို့နှင့် မရောနှောသည်၏ အဖြစ်၊ အရပ်လေးမျက်နှာတို့၌ အပိတ် အပင်၊ အဆီး အတားမရှိ၊ သွားလာနိုင်သည်၏အဖြစ်၊ ပေါင်း ရှစ်ပါးဟုမှတ်လေ။

ဝိနည်းတိစီဝရိတ်နှင့် ဧတင်တိစီဝရိတ်တို့၌ အမိဋ္ဌာန်ကျပုံကို မေးလျှောက်အပ်သော ပုစ္ဆာ၌ အဖြေကား။ အလျား တထွာ၊ အနံလက်ရှစ်သစ်၊ အဖျားအနား အစွန်းအနားမှာ ပေါက်လျှင် အဓိဋ္ဌာန်မကျ၊ အတွင်းဘက်မှာပေါက်မှ အဓိဋ္ဌာန်ကျ၏။

၎င်းအဓိဋ္ဌာန် ကျခြင်းသည်လည်း ဝိနည်းတိစီဝရိတ် ဧတင်တိစီဝရိတ်တို့၌ ကျ၏။ ပရိက္ခရစောဠဆောင်သော ပုဂ္ဂိုလ်တို့၏ သင်္ကန်း၌ ပေါက်ပြဲသော်လည်း မကျဟု မှတ်လေ။

သင်္ကန်း သုံးဆောင်နည်း ဘယ်နှစ်မျိုး ရှိသနည်းဟု မေးလျှောက်အပ်သော ပုစ္ဆာ၌ အဖြေကား။ သင်္ကန်း သုံးဆောင်နည်းသည် ခုနစ်မျိုး ရှိ၏။ ခုနစ်မျိုးဟူသော်ကား- ပံသုကူလည်းဆောင်၊ တိစီဝရိတ်လည်းဆောင်၊ ပံသုကူသင်္ကန်းကိုကား-ဆောင်

၏။ တိစီဝရိတ်မဆောင်- တိစီဝရိတ်ကိုဆောင်၏၊ ပံသုကူမဟုတ်။ ၎င်းမှာ ဓုတင် ဝိနည်း၊ တိစီဝရိတ် နှစ်မျိုး၊ ဝိနည်း တိစီဝရိတ် သက်န်းသုံးထည်ကို တိစီဝရိတ် အကြွင်းကို ပရိက္ခရစောဠ၊ တိစီဝရိတ် မဆောင်၊ ရသမျှကို ဝိကပ္ပနာပြု ရသမျှကို ပရိက္ခရစောဠ နှင့် သုံးဆောင်သောအားဖြင့် ခုနစ်နည်းအပြားရှိ၏ဟုမှတ်လေ။

၁။ ကုသိုလ်ကံစသည်တို့ကို အားထုတ်ရာ၌ အဘယ်ဖြင့် အားထုတ်ရပါသနည်းဟု မေးလျှောက်အပ်သော ပုစ္ဆာ၌ အဖြေကား။ ဣတိဘဂဝါ အပရိမာနေသု စက္ကဝါဠေသု အပရိမာနာသတ္တာ ကုသလာ ကုသလကမ္မံ အာယူဟမာနာ ဣမေဟိ တီဟိဒွါရေဟိ အာယုဟန္တိ တိ အာယုဟန ကမ္မဒွါရံ ဒဿေတိ။ (သမ္မောဟ ဝိနောဒနီ အဠကထာ ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ ၁၃၁။)ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အပရိမာနေသု၊ အတိုင်းအရှည်မရှိကုန်သော။ စက္ကဝါဠေသု၊ စကြာဝဠာတိုက်တို့၌။ အပရိမာနာ၊ အတိုင်း အရှည် မရှိကုန်သော။ သတ္တာ၊ လူအစရှိသော သတ္တဝါတို့သည်။ ကုသလာ ကုသလကမ္မံ၊ ကုသိုလ်ကံ- အကုသိုလ်ကံကို။ အာယူဟမာနာ၊ အားထုတ်အပ်ကုန်သည် ရှိသော်။ ဣမေဟိ တီဟိဒွါရေဟိ၊ ဤကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ တည်းဟူကုန်သောသုံးပါးကုန်သောဒွါရတို့ဖြင့်။ အာယုဟန္တိ၊ အားထုတ်ကြကုန်၏။ ဣတိ၊ ဤသို့၊ အာယုဟန ကမ္မဒွါရံ၊ အားထုတ်အပ်သော ကံဖြစ်ခြင်း၏အကြောင်း ဖြစ်သော ဒွါရသုံးပါးကို။ ဒဿေတိ၊ ပြတော်မူ၏။

ဤပါဠိဖြင့် ကုသိုလ်ကံ စသည်တို့ကို အားထုတ်ရာ၌ ဒွါရသုံးပါးတို့ဖြင့် အားထုတ်ရမည် ဟူလို။ ။

၂။ ဒွါရသုံးပါးတို့ဖြင့် အားမထုတ်ခဲ့သော်၊ အဘယ်သို့အပြစ်ရှိမည်နည်းဟုမေးလျှောက်အပ်သော ပုစ္ဆာ၌အဖြေကား။

အထခေါ တီသုဒွါရေသု ဧကေနာပိက တဿ ကလျာဏဿ ကမ္မဿ အဘာဝါ ဣဒါနိ အပါယေသု အနပ္ပကံ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒိဿတိ၊ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဗြဟ္မဝိဟာရနိဒ္ဒေသ။ နံပါတ်-၂၃၇။)

အထခေါ၊စင်စစ်သော်ကား။တီသုဒွါရေသု၊ သုံးပါးကုန်သော ဒွါရတို့တွင်။ဧကေနာပိ၊ တခုသော ဒွါရဖြင့်လည်း။ကတဿ၊ ပြုအပ်သော။ ကလျာဏဿ ကမ္မဿ၊ ရှိခိုးခြင်းစသော ကုသိုလ်ကံ၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ဣဒါနိ၊ယခုအခါ၌။အပါယေသု၊ငရဲ-တိရစ္ဆာန်ပြိတ္တာ၊ အသူရကာယ်-တည်းဟူသော အပါယ် လေးပါးတို့၌။အနပ္ပကံ၊ အတိုင်းမသိသော။ ဒုက္ခံ၊ ဆင်းရဲခြင်းကို။ ဒေါမနဿံ၊ နှလုံး၏ ပင်ပန်းခြင်းကို။ ပဋိသံဝေဒိဿတိ၊ ခံစားရလိမ့်သတည်း။

ဤသို့ဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာလာ စကားအရ၊ ဒွါရသုံးပါးတို့တွင် တခုခုသော ဒွါရဖြင့် ပြုအပ်သော ကုသိုလ်ကံမရှိခဲ့ပါမူ၊ ငရဲ၊ တိရိစ္ဆာန်စသော အပါယ် လေးဘုံတို့၌ အတိုင်းမသိသော ဆင်းရဲခြင်း၊ နှလုံး၏ ပင်ပန်းခြင်းကို ခံစားရမည် ကျိန်းသေ၏ဟုမှတ်ရန်။ သို့ဖြစ်၍ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ၊ ဒွါရ သုံးပါးဖြင့်အားထုတ်ရန်ကိုသာအထူးနှလုံးသွင်းကြစေခလို။

လူ့ဘုံမှ အနာဂါမ် ဘဝဖြင့် စုတေ၍ အဝိဟာဘုံ၌ ရဟန္တာ ဗြဟ္မာဖြစ်သော ပုဂ္ဂိုလ်ထူး ခုနစ်ယောက်ဟူသည်၊ အဘယ်နည်းဟု မေးအပ်သော ပုစ္ဆာ၌။ အဖြေကား...."

၄။ ပါရမီဉာဏ်၊ ရင့်ထက်သန်၊ မှတ်ရန်ခုနစ်ဦး။ ။
လူ့ဘုံကသာ၊ စုတေပါ၊ ဗြဟ္မာအဖြစ်ထူး။ ။ငါးဘုံ
သုဒ္ဓါ၊ အဝိဟာ၊ ခဏာကသိုဏ်းကျူး။ ။ရဟန္တာဖြစ်၊
ဗြဟ္မာဖြစ်၊ မှေးညှစ်ရစ်မမူး။ ။ထေရ်ဥပက၊ ပုက္ကုသ၊
ပလကဏ္ဍမှူး။ ။ဂဏ္ဍဒေဝ၊ ဘဒ္ဒိယ၊ ပြည့်ကြွ ဂုဏ်
ကျေးဇူး။ ။ဗာဟုဒတ္တ၊ အမည်ရှိ၊ သိင်္ဂိယ ခေါ်
တဦး။ ။ဥပရိပဏ္ဏာသ၊ ကျန်းမိန့်ပြ၊ မှတ်ကြဲ ပုဂ္ဂိုလ်
ထူး။ "ဤသံပေါက်လာ စကားအရ ဥပက၊ ပုက္ကုသ၊
လက်ဏ္ဍ၊ ဂဏ္ဍဒေဝ၊ ဘဒ္ဒိယ၊ ဗာဟုဒတ္တ၊ သိင်္ဂိယ၊ ပေါင်း
ခုနစ်ယောက်ဟု မှတ်လေ။ ။

၅။ မုနိခုနစ်ဆူဟူသည်၊ အဘယ်နည်းဟု မေးအပ်သော
ပုစ္ဆာ၌ အဖြေကား။ ငါးဆူခုနိ၊ လူ့ပြည်ရှိ၊ မှတ်ဘိသေ
အချာ။ ။သာတာဂီရိ တောင်းပန်အိ၊ တည်ရှိဟိမဝါ။
လောကမုနိ ဘွဲ့တော်မှည့်၊နိမ္မိချပ်ရှင်သာ။ ။သာကီမင်း
ပေါင်း ကိုးကုဋ်ရှောင်း၊ပြည်ကောင်းကပ္ပိလ်မှာ။ ။စိတ္တာ
မုနိ မည်ကော်ရှိ၊ ကြီးဘိဂုဏ်တေဇာ။ ။အဇာတသတ်
မင်းမြတ်အလို ရာဇဂြိုဟ်၊ လူဗိုလ်ဖူးစိမ့်ငှာ။ ။စန္ဒာမုနိ
သညာရှိ၊ သိရိမင်္ဂလာ။ ။ပသေနကောသလ၊ မင်းရာဇ၊
သာဝတ္ထိမှာ။ ။ဧကြာမုနိ တွင်တုံဘိ မည်ရှိဘွဲ့တော်
သာ။ ။ရက္ခပူရ တိုင်းဌာန၊မြတ်လှဂုဏ်တေဇာ။ ။
စန္ဒသူရိယ မင်းရာဇ၊ သွန်းထချပ်ချင်သာ။ ။မဟာမုနိ

ဘုံခွဲတော်ဧ၊ နှံ့သိစက္ကဝါ။ ။မိုးရပ်ပြဟ္မာ၊ ကန္ဒီဌာ၊ ဒုသာစံတင့်မြန်း။ ။သိကြားစံရာ၊ ဝတိံသာ၊ စုဌာ ဘဝင်လျှမ်း။ ။မုနိခုနစ်ဆူ၊ ကြည်ညိုမူနိဗ္ဗူသွားမည့် လမ်း။ ။

ဤသံပေါက်လာ စကား အတိုင်း မုနိခုနစ်ဆူတို့ကို မှတ်ကြလေကုန်။

၅။ မိုးခေါင်ခြင်းအကြောင်း ဘယ်နှစ်ပါး ရှိပါသနည်းဟု မေးအပ်သော ပုစ္ဆာ၌ အဖြေကား။ တေဇောဓာတ် ပျက်ခြင်း။ ဝါယောဓာတ်ပျက်ခြင်း။ အသူရိန် နတ်မင်းသည် လက်ဖြင့်ခံထားခြင်း။ မိုးနတ်သားများ မေ့လျော့၍ နေခြင်း။ လူအပေါင်းတို့သည် တရားကို မစောင့်ရှောက်ခြင်း။ ဤအကြောင်း ငါးပါးသည်၊ မိုးခေါင်ခြင်း အကြောင်းဖြင့်၏။ မိုးခေါင်ခြင်း အကြောင်း ငါးပါး ဟု မှတ်လေ။

၆။ သုဘာသိတ စကား ငါးပါးဟူသည်၊ အဘယ်နည်းဟု မေးအပ်သော ပုစ္ဆာ၌ အဖြေကား။ လျောက်ပတ်သော အခါ၌ ပြောဆိုခြင်း။ မှန်သောစကား ပြောဆိုခြင်း။ သိမ်မွေ့သောစကားကို ပြောဆိုခြင်း။ အကျိုးစီးပွားနှင့် စပ်ယှဉ်သော စကားကို ပြောဆိုခြင်း။ မေတ္တာစိတ်နှင့် ပြောဆိုခြင်း။ ဤငါးပါးသည် သုဘာသိတ စကား ငါးပါးဟု မှတ်လေ။

၇။ မြေတုံလှုပ်ခြင်းအကြောင်း ဘယ်နှစ်ပါးရှိပါသနည်းဟု မေးအပ်သောပုစ္ဆာ၌ အဖြေကား။ အောက်၌တည်သော ကြီးစွာသော လေများ တိုက်၍ ရေလှုပ်သည်၊ ရေလှုပ်

ခြင်းကြောင့် မြေကြီးလှုပ်သည်၊ ရဟန်း ပုဏ္ဏားတို့သည် ပထဝီကသိုဏ်း၊ အာပေါကသိုဏ်းများကိုပွားများသောကြောင့် လှုပ်သည်၊ ဘုရားလောင်းများ တုသိတာ နတ်ပြည်မှ စုတေ၍ မယ်တော်ဝမ်း၌ ပဋိသန္ဓေနေသော အခါ လှုပ်သည်၊ မယ်တော်ဝမ်းမှ ဘွားမြင်တော်မူသော အခါ လှုပ်သည်၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူသောအခါ လှုပ်သည်၊ ဓမ္မစကြာတရားတော်ကိုဟောတော်မူသောအခါ လှုပ်သည်၊ အာယုသင်္ခါရ လွှတ်တော်မူသောအခါ လှုပ်သည်၊ ပရိနိဗ္ဗာန် စံတော်မူသောအခါ လှုပ်သည်။ ပေါင်း ရှစ်ပါးရှိ၏ဟု မှတ်လေ။

အာယုသင်္ခါရ လွှတ်သည်ဆိုတာ ဇီဝိတိန္ဒြေဟု ဆိုအပ်သော၊ အသက်ကို ပြုပြင်တတ်သော ဖလသမာပတ်ကို စွန့်လွှတ်ခြင်းကိုပင် အာယုသင်္ခါရ လွှတ်တော်မူသည်ဟု မှတ်လေ။

၎င်းမြေလှုပ်ခြင်းတို့တွင် ပဌမမြေလှုပ်ခြင်းသည် ဓာတ်ခြောက်ခြားခြင်းကြောင့် လှုပ်သည်၊ ဒုတိယ လှုပ်ခြင်းသည် တံခိုးကြောင့် လှုပ်သည်၊ တတိယနှင့် စတုတ္ထမြေလှုပ်ခြင်းသည် ကုသိုလ်ကံ တံခိုးကြောင့် လှုပ်သည်၊ ပဥ္စမလှုပ်ခြင်းသည် ဉာဏ်တံခိုးကြောင့် လှုပ်သည်၊ ဆဋ္ဌမလှုပ်ခြင်းသည် ကောင်းချီးပေးခြင်းကြောင့် လှုပ်သည်၊ သတ္တမ လှုပ်ခြင်းသည် သနားတော်မူသည်၏ အဖြစ်ကြောင့် လှုပ်သည်၊ အဋ္ဌမ လှုပ်ခြင်းသည် သတ္တဝါတွေ ငိုကြွေးခြင်းကြောင့် လှုပ်သည်။

မြေကြီးသည် စိတ်စေတနာမရှိသည်ဖြစ်၍ မြေ ကိုလုပ် နိုင်သော အကြောင်း မရှိပေ။ သို့သော်လည်း မြေကို စောင့်သော နတ်၏ အစွမ်းအားဖြင့် လုပ်နိုင်သည်ဟု မှတ်လေ။

ဤဘွင် ပြီးဆုံးခြင်းသို့ ရောက်ပြီ။

၈။ ဤစာတမ်းကို သပ္ပုရိသ်နွယ်ဝင်၊ သူတော်စင်အပေါင်း တို့သည်၊ မသင့်မတင့်၊ နှုလုံးမသွင်းကြကုန်ဘဲ၊ အသင့် အတင့် နှလုံးသွင်းကြကုန်လျက်၊ ဉာဏ်စက္ခုဖြင့်၊ အဖန် ဖန်-အထပ်ထပ်၊ နှလုံးသွင်း၊ ဆင်ခြင်သုံးသပ်၊ ကြ ၃့ရှု လေ့လာကြကုန်လော....။

ဤကား-ဥယျောဇဉ်တည်း။

၉။ ဤစာရေးပြု၊ကုသိုလ်စုကြောင့်၊ ဖြစ်မှုနောင်ခါ၊ သံသရာ ဝယ်၊ မဟာကုလ၊ မျိုးသေဋ္ဌ၊ စွဲထသ်နွေ၊ မြတ်ဘိဒ္ဓဟာ ကို၊ တည်နေပြီးခါ၊ ကျိုးဝေဆာရှင့်၊ သောချာ၃ပျက်၊ မှန်ဆက်ဆက်တည့်၊ လျှင်ထက်နက်နဲ၊ လွန်ကဲ ရှင်မူ၊ အယူမိစ္ဆာ၊ ယုတ်မမှာကို၊ ကြံကာတွင်းသိ၊ နိဗ္ဗဂိနှင့် သူ၏ယုံမှား၊ လမ်းလွှဲများကို၊ ပယ်တားဟန့်ဖြတ်၊ နိဗ္ဗဒ် ပညာ၊ ဌာနာဌာန၊ ကောသလ္လမည်ရှိ၊ ဇာတိနှ ်နှင်၊ ဘဝစဉ်ကို၊ လ,တွင်ယုန်ရေး၊ ပုံမမေ့သကဲ့သို့၊ ကုန် တွေးမြင်သိ၊ သူ၏စိတ်ထား၊ သိပိုင်းခြားသဖြင့်၊ ဆယ် ပါးဉာဏ်ဂုဏ်၊ မှန်ပြည့်စုံသည်................ ခိုင်လုံဖန်ချက် မြဲစေသောဝ်။ ။

ဤကား ဆုတောင်းတည်း။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် ( ၁၄၄၁ )

ထုတ်ဝေသူ။ ။ဦးဝိဒူရ

ထုတ်ဝေသူ-ကင်းလွတ်ခွင့်အမှတ် (၀၃၇၉)

သင်္ခိကာရုံကျောင်းတိုက်

ထိမ်တောရွာ-မိုးညိုမြို့အပိုင်

ပုံနှိပ်သူ။ ။ဦးကျော့မောင်

မှတ်ပုံတင်အမှတ် ( ၀၂၀၄ )

ပြည်သူ့မိတ်ဆွေ စာပုံနှိပ်တိုက်၊

အမှတ် ၁၆၆၊ ၄၆-လမ်း၊

ရန်ကုန်မြို့။

၂
သ